

# Heritage for Myanmar Application အသုံးပြုနည်းလမ်းညွှန်








Application သို့ဝင်ပါ။ Download and Start ကိုနှိပ်ပါ။





Download form ကိုနှိပ်ပါ။




Forms များအားလုံးကိုရွေးချယ်ပြီး Get Selected ကိုနှိပ်ကာ Forms များကို Download ရယူပါ။





ထို့နောက် ထိခိုက်ပျက်စီးသော အမွေနှစ်များကို စာရင်းသွင်းနိုင်ရန် Start new form ကိုနှိပ်ပါ။





မိမိဖြည့်သွင်းလိုသည့်ပုံစံအားရွေးချယ်ပေးပါ။

(က) ဓာတ်ပုံဖြင့်သာ အမြန်စာရင်းကောက်ယူခြင်း ဖောင်မှာ ပျက်စီးသည့် အမွေအနှစ်၏ အမည်၊ တည်နေရာနှင့် ဓာတ်ပုံများကိုသာအမြန်စာရင်းကောက်ယူ ပေးပို့ခြင်းဖြစ်သည်။


(ခ) အချက်အလက်များဖြင့်ဖြည့်သွင်းခြင်းပုံစံမှာ ပျက်စီးသည့် အမွေအနှစ် အမည်၊ တည်နေရာ၊ ဓာတ်ပုံများအပြင် ပျက်စီးမှုအကဲဖြတ် ဆန်းစစ်ခြင်းများကို သေချာလေ့လာ၍ စာရင်းကောက်ယူပေးပို့ခြင်းဖြစ်သည်။ ၎င်းအချက်အလက်များအား ဖြည့်သွင်းမှုလမ်းညွှန်ချက်ကို Heritage for Myanmar website ([https://heritageformyanmar.org](https://heritageformyanmar.org)) တွင်ဝင်ရောက် Download ရယူနိုင်ပါသည်။





**ဓာတ်ပုံဖြင့်သာအမြန်စာရင်းကောက်ယူခြင်း** ပုံစံအားရွေးချယ် ပြီးပါက ဖော်ပြပါ အတိုင်းမြင်ရမည်ဖြစ်သည်။ စာရင်းဖြည့်သွင်းသူအမည်တွင် မိမိအမည် (သို့) ကြိုက်နှစ်သက်ရာအမည်သုံး၍ ဖြည့်သွင်းနိုင်ပါသည်။




ထို့နောက် မိမိစာရင်းသွင်းမည့် အဆောက်အအုံ (သို့) အဆောက်အအုံ အစုအဝေး၏အမည်ကို ဖြည့်သွင်းပေးပါ။





၎င်းအဆောက်အအုံ၏ တည်ရှိရာ မြို့နှင့်မြို့နယ်ကို ဖြည့်သွင်းပေးပါ။





ထို့နောက် ၎င်းနေရာ၏ ရွာအမည်ကိုသိရှိပါက ဖြည့်သွင်းပေးပါ။ မသိလျှင် မဖြည့်ဘဲ ထားခဲ့နိုင်ပါသည်။




ထို့နောက် ၎င်းနေရာတွင် ရောက်ရှိပြီး၊ HFM Application အားအသုံးပြု၍ စာရင်းဖြည့်သွင်းနေပါက Get point အားနှိပ်၍ ၎င်းနေရာ၏ GPS တည်နေရာကို မှတ်သားပေးပါ။ အမွေအနှစ် ပျက်စီးသည့်နေရာတွင် စာရင်းသွင်းခြင်း မဟုတ်ဘဲ ဓာတ်ပုံရိုက်ယူလာပြီးနောက် အခြားနေရာတွင် စာရင်းသွင်းပါက၊ Get point အားနှိပ်စရာမလိုပါ။ Next အားနှိပ်၍ ဤအဆင့်အား ကျော်နိုင်ပါသည်။ Internet မရရှိပါကလဲ ဖုန်းလိုင်းမိလျှင် GPS တည်နေရာကိုမှတ်သားနိုင်ပါသည်။




Get point အားနှိပ်ပြီး ယခုဖော်ပြပါကဲ့သို့ပေါ်လာပါက While using the app ကိုနှိပ်၍ ခေတ္တစောင့်ဆိုင်းပါ။




တည်နေရာပြ ကြက်ခြေခတ်အမှတ်အသား ပေါ်လာပါက အောက်ဆုံး လေးထောင့်ကွက် Save အားနှိပ်၍ အဆောက်အအုံတည်နေရာကို မှတ်သားနိုင်ပါသည်။ Internet ချိတ်ဆက်အသုံးပြုခြင်းမဟုတ်ပါက ယခုပြသထားသကဲ့သို့ မြေပုံပေါ်လာမည်မဟုတ်ပါ။





ထို့နောက် Take Picture အားနှိပ်၍ ထိခိုက်ပျက်စီးနေသည့် အမွေအနှစ်များ၏ ဓာတ်ပုံအား ချက်ခြင်း ရိုက်ယူ၍သော်လည်းကောင်း၊ Choose Image အားနှိပ်၍ ရိုက်ကူး ပြီးသား ဓာတ်ပုံအား မိမိဖုန်း Gallery မှ ရွေးချယ်၍သော်လည်းကောင်း ပေးပို့နိုင်သည်။ အရှေ့ အနောက်၊ တောင်၊ မြောက်မျက်နှာစာများမှရိုက်ကူးနိုင်လျှင် ပိုမိုကောင်းမွန်ပါသည်။ မရနိုင်ပါက Next အားနှိပ်၍ ဤအဆင့်များအား ကျော်နိုင်ပါသည်။





အရှေ့ အနောက်၊ တောင်၊ မြောက်မျက်နှာစာများမှဓာတ်ပုံအားဖြည့်သွင်းပြီးပါက အခြားအပျက်အစီးအသေးစိတ်ဓာတ်ပုံများကိုလည်းအထက်ပါနည်းအတိုင်း ပေးပို့နိုင်ပါသည်။




အခြားအပျက်အစီးဓာတ်ပုံများကို တစ်ပုံထက်ပို၍ ပေးပို့လိုပါက Add အားနှိပ်၍ မိမိပေးပို့လိုသည့်ဓာတ်ပုံများကို ထပ်မံ၍ ပေးပို့နိုင်ပါသည်။




အမွေအနှစ်ပျက်စီးနေသည့် ဗီဒီယိုပေးပို့လိုပါကလဲ အထက်ပါ ဓာတ်ပုံပေးပို့သည့် ပုံစံအတိုင်း ပေးပို့နိုင်ပါသည်။ မရှိပါက Next ဖြင့် ကျော်နိုင်သည်။




ထို့နောက် နောက်ဆုံးအနေဖြင့် Send အားနှိပ်၍ မိမိပေးပို့လိုသည့် ထိခိုက်ပျက်စီးသည့် အမွေအနှစ်နေရာအား စာရင်းပေးသွင်းပေးပါ။ Internet မရရှိပါကလဲ ပြဿနာမရှိပါ။ မိမိစာရင်း သွင်းခဲ့သည့် ဓာတ်ပုံနှင့် အချက်အလက်များသည် Internet မိသည့် နေရာသို့ ရောက်ရှိပါက အလိုအလျောက် ပေးပို့ပြီးဖြစ်သည်။